ကညီဒီကလုာ်စၢဖိုဉ်ကရၢ, ဒူပျဉ်ယာ်ကီၢ်ရှဉ်ဝဲၤလီၢ်ခိဉ်သ့ဉ်

**KNU,Dooplaya DistrictHQ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နှင့်(CRPH-Committee Representing Pyidaungsu Hluttaw) မှ ချမှတ်လာမည့်အုပ်ချုပ်ရေးဆိုင်ရာယန္တရားများအပေါ်တွင် ကေအဲန်ယူ–ဒူးပလာယာခရိုင်၏သဘောထား ထုတ်ပြန်ကြေညာချက်

(၂၅-၂-၂၀၂၁)

(၁) ၁-၂-၂၀၂၁ တပ်မတော်မှစစ်အာဏာသိမ်းခဲ့သည့်အပေါ်တွင် မိမိတို့ကေအဲန်ယူ–ဗဟို၏ သဘောထားထုတ်ပြန်ချက်များအတိုင်းမိမိတို့ကေအဲန်ယူ–ဒူးပလာယာခရိုင်မှ ရပ်တည်ပါသည်။

(၂) စစ်အာဏာသိမ်းပြီးနောက်ဆက်တွဲအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ပြည်ထောင်စုအဆင့်၊ တိုင်းနှင့်ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်ဖြင့် စီမံအုပ်ချုပ်ရေးကောင်စီများ အားအုပ်ချုပ်ရေးပုံစံချမှတ်ပြီး အာဏာလုယူမှုအပေါ်တွင် မိမိတို့ကေအဲန်ယူ–ဒူးပလာယာခရိုင် အနေဖြင့် လုံးဝလက်ခံခြင်းမရှိပဲ မိမိတို့ ကေအဲန်ယူ–ဒူးပလာယာခရိုင်နယ်မြေဒေသအတွင်းတွင် ချမှတ်လာမည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီယန္တရားများကို ကန့်ကွက်သွားမည်ဖြစ်ပါ သည်။

(၃) ထို့အပြင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအားပြန်လည်အသက်သွင်းရန် အကောင်အထည် ဖေါ်နေသည့် (**CRPH-Committee Representing Pyidaungsu Hluttaw** ) မှ အုပ်ချုပ်ရေး ပုံစံများချမှတ်လာမည့် အစီအစဉ်များကိုလည်း မိမိတို့ ကေအဲန်ယူ–ဒူးပလာယာခရိုင်အနေဖြင့် လုံးဝလက်ခံမည်မဟုတ်ပဲ မိမိတို့ကေအဲန်ယူ–ဒူးပလာယာခရိုင်နယ်မြေအတွင်းတွင် ချမှတ်လာ မည့် (**CRPH-Committee Representing Pyidaungsu Hluttaw**) ၏ နောက်ဆက်တွဲအုပ် ချုပ်ရေးဆိုင်ရာ ယန္တရားများကိုလည်း ကန့်ကွက်သွားမည် ဖြစ်ပါသည်။

(၄) လက်ရှိ ရှိနှင့်နေပြီးသား မြို့နယ်–ကျေးရွာအုပ်ချုပ်ရေးယန္တယားများတွင်လည်း သက်ဆိုင်ရာ နယ်မြေအလိုက် ပါဝင်ခဲ့သော ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ထွေ အုပ်ဌာနများမှ တာဝန်ရှိသောသူများသည်လည်း စစ်အာဏာသိမ်းခြင်းအား လက်မခံသည့်အ နေဖြင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ပါတ်သတ်မှုမပြုတော့ရန် အသိပေးပါသည်။

(၅) မိမိတို့ ကေအဲန်ယူ-ဒူးပလာယာခရိုင်အတွင်းတွင် နဂိုရှိနှင့်ပြီးသား ကေအဲန်ယူ၏ အုပ်ချုပ်ရေး ယန္တရားများအတိုင်း ရှေ့ဆက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖက်ဒရယ်ပြည်ထောင်စုဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ်ပေါ်ပေါက်လာနိုင်ရန်လည်း အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်သည်။

(၆) ယနေ့ တပ်မတော်မှအာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော အကြမ်းမဖက်ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သော လူထုလှုပ်ရှားမှုမှန်သမျှကိုလည်း ထောက်ခံ၊ ဝန်းရံ၊ ပံ့ပိုးသွားမည်ဖြစ်ပြီး ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သော လူထုလှုပ်ရှားမှုများအား အာဏာသိမ်းအစိုးရမှ အကြမ်းဖက်နှိမ်နင်းခြင်းများ၊ ဖမ်းဆီးခြင်းများ၊ တရားစွဲဆိုခြင်းများအား မပြုလုပ်ရန် တောင်းဆိုလိုက်သည်။

(၇) မိမိတို့သည် ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေးအတွက် တစိုက်မတ်မတ် တောင်းဆိုတိုက်ပွဲဝင်လာခဲ့သည့်အပေါ် တန်းတူညီမျှခြင်းနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး မိမိတို့ကေအဲန်ယူ-ဒူးပလာယာခရိုင်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် (CRPH-Committee Representing Pyidaungsu Hluttaw) မှ ချမှတ်လာမည့် အုပ်ချုပ်ရေးဆိုင်ရာ ယန္တရားများကို လုံးဝလက်ခံသွားမည်မဟုတ်ပါကြောင်း သဘောထားထုတ်ပြန် ကြေညာလိုက်ပါသည်။

အလုပ်အမှုဆောင်ကော်မတီ
ကရင်အမျိုးသားအစည်းအရုံး
ကေအဲန်ယူ-ဒူးပလာယာခရိုင်
ကော်သူးလေ

ဆက်သွယ်ရန်-
-၀၉၇၇၆၄၇၆၀၁၆